# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန

## (ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

## လူထုဗဟိုပြုစီမံကိန်း(တတိယနှစ်စက်ဝန်း)

National Community Driven Development Project

(NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan(VDP)

## ကြံခင်းမြို့နယ်

၂၀၁၈- ခုနှစ်

ဇီးပင်ကွင်းအုပ်စု၊ အုပ္ပုံ(တောင်)ကျေးရွာ

## မာတိကာ


၁။ မြို့နယ်မြေပုံ

၂။ ကျေးရွာမြေပုံ(တည်နေရာ)

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၄။ ကျေးရွာအခြေခံအချက်အလက်များ

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီ အတွက် သုံးသပ်ချက်များ

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ

၈။ ကော်မတီဝင်များ စာရင်း

၉။ ကျေးရွာအခြေခံအချက်အလက်များ (ပုံစံ-၁)

၁၀။ စီမံကိန်းစက်ဝန်း အချိန်ဇယား (ပုံစံ-၂)


၁၁။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၂။ စီမံကိန်းလုပ်ငန်းခွဲ ရွေးချယ်ခြင်း(ပုံစံ-၄)


၁၃။ အစည်းအဝေးမှတ်တမ်းများ

၁၄။ ကဏ္ဍအလိုက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# ၁။ မြို့နယ်မြေပုံ


ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြမြေပုံ
N
ဧရာဝတီတိုင်းဒေသကြီး
ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်
ကွင်းအညွှန်းပြမြေပုံ
စကေး ၁ လက်မ = ၄မိုင်
ပဲ ခူး တိုင်း ဒေ သ ကြီး
အလုံချောင်း
မြောက်မြန်အောင်သစ်တောကြိုးဝိုင်း
ကွန်ချောင်းဆည်
ကွန်ချောင်း
ရေသာယာချောင်း
ဖိုးတရှည်းချောင်း
ကျောက်နီချောင်း
မှုံဂါးတောင်သစ်တောကြိုးဝိုင်း
ပတော်ချောင်း
ကြံခင်းသစ်တောကြိုးဝိုင်း
ပတော်သစ်တော
ကြိုးဝိုင်း
ရွှေသမင်သစ်တော
ကြိုးဝိုင်း
မြန် အောင် မြို့ နယ်
ရခိုင် ပြည် နယ်
ဧရာဝတီ မြစ်
ညွှန်ပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

## ၂။ကြံခင်းမြို့နယ် ဇီးပင်ကွင်းကျေးရွာအုပ်စုပြမြေပုံ




ဇီပင်ကွင်းကျေးရွာအုပ်စု ပြမြေပုံ

## ၃။ အုပ်စုတွင်ပါဝင်သောကျေးရွာစာရင်း

ဇီးပင်ကွင်း ကျေးရွာအုပ်စု တွင်ပါဝင်သော ကျေးရွာများစာရင်း

၁။ ဇီးပင်ကွင်း ကျေးရွာ

၂။ ကရင်ကုန်း ကျေးရွာ

၃။ ပေကုန်းလေး ကျေးရွာ

၄။ နှောကုန်း ကျေးရွာ

၅။ ပေကုန်းကြီး ကျေးရွာ

၆။ အုတ်ပုံ (မြောက်စု) ကျေးရွာ

၇။ အုတ်ပုံ (တောင်စု) ကျေးရွာ

၈။ အုတ်ပုံ (အရှေ့စု) ကျေးရွာ

၉။ ဇီးပင်ကွင်းလေး ကျေးရွာ

ဇီပင်ကွင်းကျေးရွာအုပ်စုသည် ကျေးရွာပေါင်း(၉)ရွာ ဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။

## ၄။ ကျေးရွာ အခြေခံအချက်အလက်များ

ရောဂတီတိုင်းဒေသကြီး၊ ဟသ်ာတခရိုင်၊ကြံခင်းမြို့နယ်၊ဇီးပင်ကွင်းကျေးရွာအုပ်စု၊ အုပ်ပုံတောင်ကျေးရွာသည် ကြံခင်းမြို့၏ အနောက်ဘက်တွင် တည်ရှိပြီး ကြံခင်းမြို့နှင့် (၁၇)မိုင်ခန့် ဝေးပါ သည်။ ရွာချင်းဆက်လမ်းများမှာ တောင်ဘက်တွင် အုပ်ပုံမြောက်ကျေးရွာတို့မှတဆင့် ဇီးပင်းကွင်းကျေးရွာအထိသွားနိုင်သည်။ အုပ်ပုံတောင် ကျေးရွာ ပုသိမ်-မုံရွာလမ်းဘေးတွင် ရှိပြီး အုပ်ပုံစစ်ဆေးရေးဂိတ်နှင့်နီးသည်။

အုပ်ပုံတောင်ကျေးရွာ၏ စီးပွားရေးလုပ်ငန်းမှာ အများအားဖြင့် လယ်ယာစိုက်ပျိုးခြင်းနှင့် တောင်ယာ စိုက်ပျိုးခြင်းတို့ကို လုပ်ကိုင်ကြသည်။

အုပ်ပုံတောင်ကျေးရွာရှိ ကျောင်းသား၊ ကျောင်းသူများက မူလတန်းပညာကို အ.မ.က အုပ်ပုံတောင်နှင့် အလယ်တန်း၊ အထက်တန်းပညာကို အ.ထ.က ဘက်ရဲမြို့နှင့် အခြားမြို့များသို့သွားရောက်ပညာသင်ယူကြသည်။

ကျန်းမာရေးအနေဖြင့် မိမိဒေသတွင် ဆေးခန်းမရှိ၍ နီးစပ်ရာဘက်ရဲဆေးရုံသို့ သွားရောက်ဆေးကုသမှု ခံယူကြသည်။

တောင်အုပ်ပုံကျေးရွာတွင် အိမ်ခြေ ၆၃အိမ်ရှိ လူဦးရေ (၂၅၇)ခန့်ရှိသည်။ နေထိုင်သူအများစုသည် ဗုဒ္ဓဘာသာများဖြစ်ကြပြီး ခရစ်ယာန်ဘာသာဝင်များလည်း နေထိုင်သည်။


တောင်အုပ်ပုံ ကျေးရွာတွင် နေထိုင်ကြသူများသည် မိမိဒေသဖွံ့ဖြိုးရေးအတွက် မျှော်မှန်းချက်များ ရှိပြီး တက်ညီလက်ညီလုပ်ကိုင်တတ်သော စိတ်ရှိကြသော ရွာလေးဖြစ်ပါသည်။

## ၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုနှင့်သဘာဝ အရင်းအမြစ်ပြမြေပုံ (Social Map & Resource map) | 21.9.2017 | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊ ရပ်ရွာလူထုများ | 15 | 21 | 36 | - ဒေသတွင်း သဘာဝအရင်းမြစ်များ<br>-လူမှုအဆောက်အဦးများ<br>-ဘာသာရေးအဆောက်အဦးများ<br>-လမ်းပန်းဆက်သွယ်ရေးများ |
| ၂ | ရာသီခွင်ပြ ပြက္ခဒိန် (Seasonal Calender) | 21.9.2017 | ကော်မတီဝင်များနှင့် ၊ ရပ်ရွာလူထုများ | 15 | 21 | 36 | - ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လအလိုက်ဝင်ငွေများ၊ အလုပ်အကိုင် အခွင့်အလမ်းများ၊ ပွဲတော်များ၊ သဘာဝဘေးများ၊ လယ်ယာလုပ်ငန်းနှင့် အခြားလုပ်ငန်းများ |
| ၃ | ဥစ္စာနေအဆင့် သတ်မှတ်ခြင်း (Wealth Ranking) | 21.9.2017 | ချမ်းသာ၊ အလယ်၊ အလတ်၊ နွမ်းပါး၊ အလွန်နွမ်းပါး အုပ်စုများ | 15 | 21 | 36 | -ကျေးရွာ လူမှုစီးပွားအုပ်စုများ၊ ခွဲခြားသတ်မှတ်နိုင်ရေး<br>-အဆင့်လိုက်အခြေခံ စံနှုန်းများ၊ အများသဘောတူသတ်မှတ်နိုင်ရေး<br>-ကျေးရွာ၏ လူမှု စီးပွားရေး |
| ၄ | အဖွဲ့အစည်းချိတ် ဆက်မှုပြမြေပုံ (Venn Diagram) | 21.9.2017 | ကျေးရွာအုပ်ချုပ်ရေး အဖွဲ့၊ အခြားအဖွဲ့တွင် ပါဝင်သူများ | 15 | 21 | 36 | -ကျေးရွာတွင်း၊ ပြင်ရှိအဖွဲ့အစည်းများ မည်ကဲ့သို့ ချိတ်ဆက် ဆောင်ရွက် နေပုံ။ |
| ၅ | ပင့်ကူအိမ်ကွန်ယက် (cobweb) | 21.9.2017 | ကျေးရွာရှိအမျိုးသား နှင့် အမျိုသမီးများ | 15 | 21 | 36 | -နေ့စဉ်ဘဝအတွက် ဆောင်ရွက်မှု တွင် အမျိုးသားနှင့်အမျိုးသမီးတို့၏ ပါဝင်နိုင်မှုအချိုး<br>-အမျိုးသားနှင့်အမျိုးသမီး တန်းတူ အခွင့်အရေးရရှိနိုင်မှု အပေါ် သုံးသပ်ခြင်း။ |
| ၆ | အရင်းအမြစ်များ အပေါ်အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု (Asset Mapping) | 21.9.2017 | ကျေးရွာရှိ အမျိုးသားနှင့် အမျိုးသမီးများ | 15 | 21 | 36 | -အရင်းအမြစ်များအပေးတွင် (အမျိုးသားနှင့်အမျိုးသမီးများ) အသုံးပြုနိုင်မှုနှင့် ထိန်းချုပ်မှုတွင် မည်သည့်အကြောင်းကြောင့်နည်း။ မည်သို့ညီမျှစွာ ခံစားခွင့် ရမည်နည်း။ |
| ၇ | အခက်အခဲပြဿနာ (Problem) | 21.9.2017 | ကော်မတီဝင်များနှင့် ၊ ရပ်ရွာလူထုများ | 15 | 21 | 36 | -ဒေသဖွံ့ဖြိုးရေးအတွက် အနှောင့်အယှက် အတားအဆီး၊ အခက်အခဲများ။<br>-လိုအပ်ချက်များ။ |
| ၈ | ကျေးရွာမျှော်မှန်းချက်များ (Village Vision) | 21.9.2017 | ကော်မတီဝင်များနှင့် ၊ ရပ်ရွာလူထုများ | 15 | 21 | 36 | -ဒေသဖွံ့ဖြိုးရေးအတွက် ဘာတွေမျှော်မှန်းထားသလဲ။ ဘာကြောင့်မျှော်မှန်းထားသလဲ။ |
| ၉ | ကျေးရွာဦးစားပေး လုပ်ငန်းများ | 21.9.2017 | ကော်မတီဝင်များနှင့် ၊ရပ်ရွာလူထုများ၊ တက် ရောက်သူ အားလုံး | 15 | 21 | 36 | -အကျိုးပြုလူဦးရေ၊ အကျိုးခံစားခွင့်<br>-လိုအပ်ချက်အဆင့်သတ်မှတ်ခြင်း။ |

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

### (က) လူမှုအရင်းအမြစ်ပြမြေပုံ နှင့် သုံးသပ်ချက်




လူမှုအရင်းအမြစ်ပြမြေပုံ

**လူမှုနှင့်သဘာဝအခြေအနေအမြစ်ပြမြေပုံ (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်)**

- တောင်အုပ္ပံ့ကျေးရွာသည် လယ်ယာမြေနှင့် ကိုင်းမြေများကို မှီခိုပြီး အသက်မွေးဝမ်းကြောင်း ပြုကြ သည်။
- အိမ်ထောင်စု-၆၇အိမ်ရှိသည့်အနက် ၂၉-အိမ်မှာလက်လုပ်လက်စားများ ဖြစ်ကြပြီး ကျပန်းလုပ်ကိုင် ကြသည်။
- ကျေးရွာတွင် မူလတန်းကျောင်းရှိပြီး ပညာရေးအသင့်အတင့်ရှိသည်။ အလယ်တန်းနှင့် အထက်တန်း ပညာရေးကို ဘက်ရဲမြို့သို့သွားရောက် သင်ကြားရသည်။
- တောင်အုပ္ပံ့ ကျေးရွာတွင် ဘုန်းတော်ကြီးကျောင်း တည်ရှိသည်။ အုပ်စုတွင်းရှိ ကျေးရွာ-၄ရွာမှာလည်း မိမိတို့ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းတွင် လာရောက်၍ ဥပုသ်သီလ စောင့်တည်ကြသည်။
- ကျေးရွာရှိလမ်းများမှာ မြေသားလမ်းဖြစ်ပြီး မိုးတွင်းအခါ လမ်းများပျက်စီးသည်။ ပုသိမ်-မုံရွာ လမ်းမ ကြီးဘေးတွင်တည်ရှိ၍ သွားလာရေးလွယ်ကူသည်။
- ကျေးရွာတိုးတက်ရန်လိုအပ်ချက်များမှာ-
    - လျှပ်စစ်မီးလင်းရန်
    - စာကြည့်တိုက်ရှိရန်
    - အစည်းအဝေးခန်းမရှိရန်

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

### (၁) ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ချက်



ရာသီခွင်ပြ ပြက္ခဒိန်

**ရာသီစွင်ပြ ပြက္ခဒိန် (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်)**


တောင်အုပ္ပုံကျေးရွာတွင် လယ်ယာနှင့်ကိုင်းလုပ်ငန်းများကို အိမ်ခြေ-၃၈အိမ် လုပ်ကိုင်ကြပြီး ကျန်-၂၉အိမ်မှာ ကျပန်းလုပ်ကိုင်ကြသည်။ ၎င်းလုပ်ငန်းများတွင် နေ့စားခအဖြစ် အမျိုးသားများမှာ-၅၀၀၀ ရရှိပြီး အမျိုးသမီးများမှာ-၃၀၀၀ရရှိသည်။

ကျေးရွာ၏ရာသီဥတုမှာ ဝါဆို၊ ဝါခေါင်လများတွင် မိုးသည်းထန်စွာရွာသွန်းပြီး ကျန်ကာလများတွင် သာယာသည်။ ကျန်းမာရေးအနေဖြင့် ရာသီဥတု အကူးအပြောင်းလများတွင် ဖျားနာတတ်သည်။ ပွဲတော်များအနေဖြင့် တန်ခူးလတွင် သင်္ကြန်ပွဲတော်၊ သီတင်းကျွတ်လတွင် မီးထွန်းပွဲတော်၊ အဆုန်လတွင် ညောင်ရေသွန်းပွဲတော်၊ တန်ဆောင်မုန်းလတွင် ကထိန်ပွဲတော်တို့ ကျင်းပလေ့ရှိသည်။

တောင်အုပ္ပုံကျေးရွာ၏ သောက်သုံးရေရရှိမှုမှာ မိုးတွင်းအခါ ပိုမိုဖူလုံမှုရှိပြီး ကျန်ကာလများ တွင် အသင့်အတင့်သာရှိသည်။ စပါးများရောင်းချချိန်နှင့် ပဲများရောင်းချချိန်တို့တွင် အစားအသောက် ပိုမိုဖူလုံသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

**(က) ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း နှင့် သုံးသပ်ချက်**



<ဒုတိယနှစ်စက်ဝန်း>

ဥစ္စာဓနကြွယ်ဝမှု ဇယား

အုပ်စု - မီးပင်ကွင်း ကျေးရွာ - တောင်အုပ်ပြဲ ရက်စွဲ - ၂၂.၁၂.၂၀၁၆

| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာသော အုပ်စု | သွပ်မိုးပျဉ်ထောင်တိုက်ခံအိမ်၊ လယ် ၅ ဧက၊ ကိုင်း ၃ ဧက၊ လယ်ထွန်စက် (၁)လုံး၊ ဆိုင်ကယ် ၁ စီး၊ ဝမ်းစာဖူလုံမှု ၂ နှစ်စာ၊ ဆေးဝါးနှင့်ပတ်သက်၍ ပြည်အထိလက်လှမ်းမီပြီး ပညာရေးနှင့်ပတ်သက်၍ ဘွဲ့ရသည်အထိလက်လှမ်းမီသည်။ | ၁၆ | ၂၄% |
| အသင့်အတင့် | သွပ်မိုးပျဉ်ထောင်အိမ်၊ လယ် ၂ ဧက၊ ကိုင်း ၁ ဧက၊ ဆိုင်ကယ် ၁ စီး၊ ဝမ်းစာဖူလုံမှု ၁ နှစ်စာ၊ ဆေးဝါးနှင့်ပတ်သက်၍ ဘက်ရဲဆေးရုံအထိလက်လှမ်းမီပြီး ပညာရေးနှင့်ပတ်သက်၍ အထက်တန်းပညာရေးအထိလက်လှမ်းမီသည်။ | ၂၂ | ၃၃% |
| မပြေလည်သော အုပ်စု | ဓနိတိုင် ဓနိခင်း ဘက်ကယ်မိုး ထရံကာအိမ်၊ ကျပန်းလုပ်ကိုင်သည်။ ဘက်ကြီးရှယ်အိုးအိမ် နှင့် မိဘအိမ်များ သောအိမ်များဖြစ်သည်။ ဆေးဝါးနှင့်ပတ်သက်၍ ဘက်ရဲဆေးရုံအထိလက်လှမ်းမီပြီး ပညာရေးနှင့်ပတ်သက်၍ အလယ်တန်းအထိလက်လှမ်းမီသည်။ | ၂၉ | ၄၃% |
| နွမ်းပါးသော အုပ်စု | မရှိပါ။ | - | - |
| စည်းရုံးရေးမှူး - ဒေါ်ဝိုင်းထက်ထက်ဆွေ | ပါဝင်ဆွေးနွေးသူ ကျား - ၆ ဦး မ - ၈ ဦး / စုစုပေါင်း | ၆၇ | ၁၀၀% |

လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း

**ဥစ္စာခနေ အဆင့်သတ်မှတ်ခြင်း ( ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**


တောင်အုပ္ပံ့ကျေးရွာတွင် အိမ်ခြေ-၆၇အိမ်ရှိသည့်အနက် ချမ်းသာသောအိမ်ထောင်စု-၁၆အိမ်၊ အသင့်အတင့်အိမ်ထောင်စု-၂၂အိမ်၊ မပြေလည်သောအိမ်ထောင်စု-၂၉အိမ် ရှိသည်။ အပြေလည်သော အိမ်ထောင်စုမှာ ကျပန်းလပ်ကိုင်ကြသည်။

ကျေးရွာတွင် လူထုဗဟိုပြုစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် အစီအစဉ်ရေးဆွဲရာတွင် မပြေလည်သော အိမ်ထောင်စုများ၏ အားလပ်ချိန်တွင် အစီအစဉ်ရေးဆွဲပြီး သူတို့တင်ပြ သော လိုအပ်ချက်များကို အလေးထားစဉ်းစား ဆောင်ရွက်ခဲ့သည်။

ကျေးရွာတွင် မီးလင်းရေးလုပ်ငန်းဆောင်ရွက်လျှင် ကျေးရွာ၏ ပညာရေး၊ စီးပွားရေး၊ သာရေး၊ နာရေးတို့အတွက် အထောက်အပံ့ကောင်းများ ရရှိလာနိုင်သည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

### (ဃ) အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ နှင့် သုံးသပ်ခြင်း




အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ

**<u>အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်)</u>**


တောင်အုပ္ပံ့ကျေးရွာရှိ ကျေးရွာအုပ်ချုပ်ရေး အဖွဲ့ဖြစ်သည့် ဂေါပကအဖွဲ့၊ လူငယ်အဖွဲ့၊ မီးသတ်အဖွဲ့၊ လမ်းကော်မတီအဖွဲ့နှင့် လူထုဗဟိုပြုစီမံကိန်းအဖွဲ့တို့သည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတို့တွင် အဓိကဦးဆောင်သည်။

ကျေးရွာအတွင်းရှိ ကောက်စိုက်သမအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၊ လူငယ်အဖွဲ့နှင့် ဂေါပကအဖွဲ့တို့သည် ကျေးရွာ၏ ပညာရေး၊ သာရေး၊ နာရေးတို့တွင် အဓိကပါဝင်လုပ်ဆောင်ကြသည်။

တောင်အုပ္ပံ့ကျေးရွာရှိ အမျိုးသမီးရေးရာအဖွဲ့သည် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် လည်းကောင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့သည် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့နှင့်လည်းကောင်း၊ မီးသတ်အဖွဲ့သည် မြို့နယ်မီးသတ်အဖွဲ့နှင့်လည်းကောင်း၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့သည် အုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့တို့နှင့်လည်းကောင်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တို့နှင့်ချိတ်ဆက်ဆောင်ရွက်ကြသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစ ဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ


**(င) အရင်းအမြစ်များအပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု သုံးသပ်ချက်**




အရင်းအမြစ် များအပေါ်လွှမ်းမိုးမှု နှင့် ဆုံးဖြတ်နိုင်မှု

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

**(င) အရင်းအမြစ်များအပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု သုံးသပ်ချက်**




အရင်းအမြစ်များအပေါ်အသုံးချနိုင်မှု

**အရင်းအမြစ်များအပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်)**


တောင်အုပ္ပံ့ ကျေးရွာသည် လယ်ယာ၊ တောင်ယာ၊ ကိုင်း၊ ဆိုင်ကယ်၊ ရေတွင်း၊ သချိုင်း၊ အိမ်၊ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်း၊ ဆိုလာတို့ကို အမျိုးသား၊ အမျိုးသမီးတိုဆိုလာတို့ကို အမျိုးသား၊ အမျိုးသမီးတို့ အသုံးပြု၊ ထိန်းချုပ်ကြသည်။

ကျေးရွာတွင် အမျိုးသမီးများသည် အပ်ချုပ်စက်၊ ကြက်၊ ဝက်တို့ကို အသုံးပြုထိန်းချုပ်ကြ သည်။ ကျေးရွာရှိ အမျိုးသားများသည် ကား၊ ထော်လာဂျီ၊ သုံးဘီး၊ ဆိုင်ကယ်၊ လယ်ထွန်စက်၊ လှည်း၊ နွား တို့ကို အသုံးပြု၊ ထိန်းချုပ်ကြသည်။

ကျေးရွာရှိ အမျိုးသမီးများသည် အသုံးပြုမှု၊ ထိန်းချုပ်မှုပိုင်းတို့တွင် အားနည်းပြီး၊ အမျိုးသား များက အားသာကြောင်းတွေ့ရသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

**(စ) ပင့်ကူအိမ်ကွန်ယက်နှင့်သုံးသပ်ချက်**




ပင့်ကူအိမ်ကွန်ယက်

**ပင့်ကူအိမ်ကွန်ယက် (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်)**


တောင်အုပ္ပံ့ ကျေးရွာတွင် အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများကို အများဆုံး လုပ်ကိုင်ကြပြီး၊ ပညာရေးတွင်လည်း အမျိုးသမီးများက အမျိုးသားများထက် အနည်းငယ် အားသာကြောင်း တွေ့ရသည်။


ကျေးရွာရှိ အမျိုးသားများသည် အုပ်ချုပ်မှု လုပ်ငန်းများတွင် လည်းကောင်း၊ အရင်းအမြစ်လက်လှမ်းမှီမှုတွင် လည်းကောင်း၊ အလုပ်အကိုင် အခွင့်အလမ်း တွင်လည်းကောင်း၊ လုံခြုံမှုနှင့် ဝင်ငွေရှာဖွေမှု တွင်လည်းကောင်း အမျိုးသမီးများထက် ပို၍ လက်လှမ်းမှီကြောင်းတွေ့ရသည်။

ကျေးရွာ၏ အဖွဲ့အစည်း ပူးပေါင်းပါဝင်မှု တို့တွင်သာ အမျိုးသားများနှင့် အမျိုးသမီးများတန်းတူ လက်လှမ်းမှီကြောင်း တွေ့ရသည်။ တောင်အုပ္ပံ့ကျေးရွာရှိ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများကိုသာ လုပ်ကိုင်နေခြင်းမျိုး မဟုတ်ပဲ အခြားအဖွဲ့စည်း များတွင်ပါဝင်နိုင်ရန် ကြိုးစားသင့်ကြောင်းနှင့် အမျိုးသားများသည်လည်း အမျိုးသမီးများအား အခွင့်အရေးပေးပြီး လက်တွဲခေါ်ယူသင့်ကြောင်း သုံးသပ်မိပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

## (ဆ) ကျေးရွာအခက်အခဲပြဿနာအပေါ် သုံးသပ်ချက်




အခက်အခဲပြဿနာများ

**<u>အခက်အခဲပြဿနာများ (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)</u>**


တောင်အုပ်ပွံ့ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများ၏ အဓိက အခက်အခဲပြဿနာမှာ ပညာရေးအခက်အခဲ၊ ကျန်းမာရေးအခက်အခဲ၊ လမ်းပန်းဆက်သွယ်ရေးအခက်အခဲ၊ ရပ်ရွာအစည်းအဝေးသာရေး နာရေးအတွက် နေရာအခက်အခဲ၊ ပညာဗဟုသုတနည်းပါးခြင်း အခက်အခဲတို့သည်။


ကျေးရွာရှိ အမျိုးသမီးများ၏ အခက်အခဲပြဿနာတို့မှာ ပြင်ပအဖွဲ့အစည်းများ ဝင်ရောက်မှုအားနည်းခြင်း အခက်အခဲ၊ မီးဘေးအန္တရာယ်အခက်အခဲ၊ ရေအခက်အခဲတို့သည် အမျိုးသားများနှင့် အတူညီသော အခက်အခဲပြဿနာများဖြစ်သည်။

ကျေးရွာရှိ အမျိုးသားများ၏ အခက်အခဲပြဿနာတို့မှာ လျှပ်စစ်မီးမရရှိခြင်းနှင့် မီးဘေးအန္တရာယ်အခက်အခဲတို့သည် အမျိုးသမီးများနှင့် အတူညီသော အခက်အခဲပြဿနာများဖြစ်သည်။ အထက်ဖော်ပြပါ အခက်အခဲပြဿတို့မှာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရန်နှောင့်နှေးစေသော အခက်အခဲပြဿနာများဖြစ်သည်ဟု သုံးသပ်မိပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းဉ်များနှင့်တစ်ခု ချင်းစီအတွက်သုံးသပ်ချက်များ

**(၉) ကျေးရွာမျှော်မှန်းချက်အပေါ် သုံးသပ်ခြင်း**




မျှော်မှန်းချက်

## ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်)


တောင်အုပ္ပံု ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီး တို့သည် မိမိတို့ကျေးရွာအတွက် လျှပ်စစ်မီးလင်းရန်၊ ကတ္တရာလမ်းခင်းရန်၊ ဆေးပေးခန်းရှိရန်၊  အစည်းအဝေးခန်းမ ရှိရန်တို့ကို တူညီစွာမျှော်မှန်းချက်တို့ဖြစ်ကြသည်။

ကျေးရွာရှိ အမျိုးသမီးများ၏ အမျိုးသားများနှင့် မတူညီသော မျှော်မှန်းချက်များမှာ စာသင်ကျောင်းရှိရန်တို့ဖြစ်သည်။ အမျိုးသားများ၏ အမျိုးသမီးများနှင့် မတူညီသော မျှော်မှန်းချက်များမှာ မီးသတ်ရေကန် ရှိရန်၊ မီးသတ်ကားရှိရန်၊ စာကြည့်တိုက်ရှိရန်တို့ဖြစ်သည်။

အထက်ဖော်ပြပါ မျှော်မှန်းချက်များမှာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရန် အဓိကကြသော မျှော်မှန်းချက်များဖြစ်သည်ဟု သုံးသပ်မိပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(၈) ကျေးရွာ ဦးစားပေးလုပ်ငန်းများအပေါ် သုံးသပ်ချက်</u>




ဦးစားပေးလုပ်ငန်းများ

**ကျေးရွာဦးစားပေးလုပ်ငန်း(ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်)**

တောင်အုပ္ပံ့ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးတို့၏ အဆိုပြုသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအနက် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း (၄) ခုကိုရွေးချယ်၍ မဲပေးခဲ့သည်။

ကွန်ကရစ်မီးတိုင်နှင့် မီးကြိုးစီမံကိန်းလုပ်ငန်းခွဲကို အမျိုးသား-၄၀မဲ၊ အမျိုးသမီး-၆၈မဲ၊ စုစု ပေါင်း-၁၀၈မဲဖြင့် ဦးစားပေးအဆင့်-၁ ရရှိသည်။ ဘက်စုံသုံး ရေကန်နှင့် ရေပိုက် သွယ်တန်းခြင်း စီမံကိန်းလုပ်ငန်းခွဲ ကို အမျိုးသား-၁၆မဲ၊ အမျိုးသမီး-၃၅မဲ စုစုပေါင်း-၅၁မဲဖြင့် ဦးစားပေးအဆင့်-၂ ရရှိသည်။

ရွာလယ်ဂုံးပေါက် စီမံကိန်း လုပ်ငန်းခွဲကို အမျိုးသား-၁၇မဲ၊ အမျိုးသမီး-၂၃မဲ၊ စုစုပေါင်း-၄၀မဲ ဖြင့် ဦးစားပေး အဆင့်-၃ကို ရရှိခဲ့သည်။ မူကြိုကျောင်း စီမံကိန်း လုပ်ငန်းခွဲကို အမျိုးသား-၆မဲ၊ အမျိုးသမီး -၁၁ မဲ ဖြင့် စုစုပေါင်း-၁၇မဲဖြင့် ဦးစားပေးအဆင့်-၄ကို ရရှိသည်။

တောင်အုပ္ပံ့ ကျေးရွာသည် ပထမနစ်တွင် ကျောက်စည်တွင်း စီမံကိန်းလုပ်ငန်းခွဲကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး၊ ဒုတိယနစ်စီမံကိန်းစက်ဝန်းတွင် လုပ်ငန်းနားခဲ့ပြီး၊ တတိယနစ် စီမံကိန်းစက်ဝန်း တွင်လုပ်ငန်း ဆက်လက်နားခဲ့သည်။ စတုတ္ထနစ် စီမံကိန်းစက်ဝန်းတွင် လျှပ်စစ်မီးလင်းရေးကို အကောင် အထည်ဖော် ဆောင်ရွက်ရန် အုပ်စုတွင် သဘောတူညီခဲ့သည်။

## လူမှုဆန်းစစ်ခြင်း အနှစ်ချုပ်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း

### လူမှုဆန်းစစ်ခြင်း အနှစ်ချုပ်ခြင်း



### ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များ



## ၈။ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ အဖွဲ့ဝင်စာရင်း

**အုပ်စု။ ။ ဇီးပင်ကွင်း ကျေးရွာ။ ။အုပ္ပံ(တောင်)**

**စတင်ဖွဲ့စည်းသည့်ရက်စွဲ။ ။ ၂၁-၉-၂၀၁၇**

| စဉ် | အဖွဲ့ | ရာထူး | အမည် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ကျေးရွာစီ/ထောက် | ဥက္ကဌ | ဦးသန်းနိုင်ဇော် | ၀၉၄၂၂၅၅၁၈၉၇ | |
| ၂ | | ဥက္ကဌ | ဒေါ်သန်းဌေး | ၀၉၂၅၀၈၅၁၈၀၄ | |
| ၃ | ဝယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးအောင်သိန်းဝင်း | ၀၉၇၆၆၃၂၄၁၂ | |
| ၄ | | အဖွဲ့ဝင် | ဦးကျော်ဝင်း | ၀၉၉၇၀၇၄၁၈၃၆ | |
| ၅ | | အဖွဲ့ဝင် | ဒေါ်ပိုင်စိုးယု | ၀၉၇၉၂၇၄၃၃၇၈ | |
| ၆ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်သင်းသင်းမွန် | - | |
| ၇ | | အဖွဲ့ဝင် | ဦးအောင်ကိုထူး | ၀၉၂၅၃၄၉၈၁၈၄ | |
| ၈ | | အဖွဲ့ဝင် | ဒေါ်မိုးသူဇာ | ၀၉၇၈၁၉၈၀၃၁၆ | |
| ၉ | လည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးတင့်အောင် | ၀၉၇၇၅၀၄၆၀၄၉ | |
| ၁၀ | | အဖွဲ့ဝင် | ဒေါ်ခင်မာဌေး | ၀၉၂၅၀၄၃၁၃၀၉ | |
| ၁၁ | | အဖွဲ့ဝင် | ဒေါ်တိုးတိုးရည် | ၀၉၇၇၅၀၄၄၂၆၁ | |
| ၁၂ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဦးမြတ်ရည် | ၀၉၂၅၁၁၅၀၉၁ | |
| ၁၃ | အကြံပြုတိုင်ကြားဖြေရှင်းရေးဆပ်ကော်မတီ | အဖွဲ့ဝင် | ဦးမိုးလွင်ဦး | ၀၉၇၆၆၀၈၀၉၂၇ | |
| ၁၄ | | အဖွဲ့ဝင် | ဒေါ်ခင်မာချို | ၀၉၂၅၂၆၇၉၁၉ | |
| ၁၅ | စေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦးစိုးဦး | ၀၉၄၉၇၂၄၁၄၃ | |
| ၁၆ | | အဖွဲ့ဝင် | ဒေါ်အေးမြတ်မွန် | ၀၉၇၇၃၃၈၆၉၁၀ | |

တာဝန်ကျဝန်ထမ်းများ

လူထုစည်းရုံးရေးမှူး- ဒေါ်ထက်ထက်လွင်

လက်ထောက်နည်း ပညာမှူး - ဦးဇာနည်အောင်

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| *လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ | | |
|---|---|---|
| ကျေးရွာအုပ်ချုပ်ရေးမှူး အမည်<br>ဦးတင်အောင် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ်<br>09-775046049 | လူထုစည်းရုံးရေးမှူး၏ အမည်<br>ဒေါ်ထက်ထက်လွင် |
| ပြည်နယ်၊တိုင်းဒေသကြီး ဧရာဝတီ မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ဖိုးပုစကွင်း | ကျေးရွာ တောင်ရှည်ပုံ |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ဗမာ--- | ၇၀ | ဘာသာ (၁) ---ဗုဒ္ဓ--- | ၇၀ |
| လူမျိုးစု (၂) ---ကရင်--- | ၁ | ဘာသာ (၂) ခရစ်ယာန် | ၁ |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရေ ------------ | | ဘာသာရေ ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | မ-၁ | | ၁ |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ကျား-၇၊ မ-၉ | | ၁၆ |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ ၂၇၇ | ၁၄၀ | ၁၃၇ |
| လူမျိုးစု (၁)---ဗမာ | ၁၃၇ | ၁၃၆ |
| လူမျိုးစု (၂)---ကရင် | ၃ | ၁ |
| လူမျိုးစု (၃)---------- | | |
| အိမ်ထောင်ဦးစီး | ၆၁ | ၉ |

**(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ**

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |

| | | | | | |
|---|---|---|---|---|---|
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| *မှတ်ချက်* | | *မှတ်ချက်* | | *မှတ်ချက်* | |

**(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)**

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☐ | ☐ |
| အထက်တန်းပြဆရာ/မ | ☑ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☐ |
| အလယ်တန်းပြဆရာ/မ | ☑ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☑ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| *မှတ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

**(ဃ)** ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | (မြေသားလမ်း) | လူသွားလမ်း | အခြား ________ |

**(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်** ဝိုင်းပါ

(၁) လူထုဖဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်-[illegible]-/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---၂၅ မိနစ်--- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျှင်/လား/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန်---၂၅ မိနစ်------- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျှင်/လား/မော်တော်ဘုတ်/ အခြား ------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ --------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

(၂) ----------------------------------

ကျေးရွာခေါင်းဆောင် — အမည် ဦးတင့်အောင်

လက်မှတ် [signature] နေ့စွဲ ၂၁.၄.၂၀၁၇

လူထုစည်းရုံးရေးမှူး — အမည် ဒေါ်ထက်ထက်လွင်

လက်မှတ် [signature] နေ့စွဲ ၂၁.၄.၂၀၁၇

## ၁၀။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)



**ပုံစံ - ၈ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)**

*လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။

စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ဝင်းထက်ကျော်

နေ့စွဲ - ၂၁.၉.၂၀၁၇

စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☑ စက်ဝန်း(၃) ☐ စက်ဝန်း (၄)

မြန်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ဖိုးပင်ကွင်း | ကျေးရွာ တောင်ဘုမ္ပိ

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | |
|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် | လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၁.၉.၂၀၁၇ | ၂၁.၉.၂၀၁၇ | ၁၅ | ၂၁ | ၂၁ | ၃၆ | ဗမာ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၁.၉.၂၀၁၇ | ၂၁.၉.၂၀၁၇ | ၁၅ | ၂၁ | ၂၁ | ၃၆ | ဗမာ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၂၆.၁၀.၁၇ | ၂၆.၁၀.၁၇ | ၁၆ | ၁၆ | ၃၂ | ၃၂ | ဗမာ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၁၄.၁၂.၁၇ | ၁၄.၁၂.၁၇ | မလို | မလို | မလို | မလို | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | ၂၂.၁၂.၁၇ | ၂၂.၁၂.၁၇ | ၄ | ၃ | ၇ | ၇ | ဗမာ |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဂယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | - |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | - |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | - |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | - |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | - |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | - |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | - |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | - |

# ၁၁။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (ပုံစံ-၃)



ပုံစံ - ဝ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ထက်ထက်ကျော် |
| နေ့စွဲ - ၂၉.၁၀.၂၀၁၇ — စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ဧရာဝတီ — မြို့နယ် ကြံခင်း — ကျေးရွာအုပ်စု ဗီးပင်ကွင်း — ကျေးရွာ တောဇီးကုန်း |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | လျှပ်စစ်မီးမရရှိ၍ ပညာရေး / စီးပွားရေး နောက်ကျခြင်း အခက်အခဲ | ၁ | ပညာရေး / ကျန်းမာရေး အခက်အခဲ |
| ၂ | လမ်းပန်းဆက်သွယ်ရေး အခက်အခဲ | ၂ | လမ်းပန်းဆက်သွယ်ရေး အခက်အခဲ |
| ၃ | မီးဘေးအန္တရာယ်ရှိခြင်း အခက်အခဲ | ၃ | ရပ်ရွာအစည်းအဝေးများ ပြုလုပ်ရန် နေရာခက်ခဲခြင်း |
| ၄ | ပညာ / ဗဟုသုတ နည်းပါးခြင်း အခက်အခဲ | ၄ | ပြင်ပအဖွဲ့အစည်းများ ဝင်ရောက်မှု အားနည်းခြင်း |
| ၅ | ကျန်းမာရေး အခက်အခဲ | ၅ | ပညာ ဗဟုသုတ နည်းပါးခြင်း |
| ၆ | အစည်းအဝေးများ၊ သာရေး နာရေး ပြုလုပ်ရန် နေရာ အခက်အခဲ | ၆ | ရေအသွယ်တကူရေးကြိုမရရှိခြင်း |
| ၇ | | ၇ | မီးဘေးအန္တရာယ် အခက်အခဲ |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | တစ်ရွာလုံး လျှပ်စစ်မီး လင်းချင်သည်၊ | ၁ | တစ်ရွာလုံး လျှပ်စစ်မီး လင်းချင်သည်၊ |
| ၂ | ကျေးရွာတွင် Transfer ရှိချင်သည် | ၂ | ရွာလမ်းမကြီး ကတ္တရာလမ်း ဖြစ်ချင်သည်၊ |
| ၃ | တစ်ရွာလုံး ကျောက်ချောလမ်း ဖြစ်ချင်သည်၊ | ၃ | ကျေးရွာဆေးပေးခန်း ရှိချင်သည်၊ |
| ၄ | မီးသတ်ရေကန် ရှိချင်သည်၊ | ၄ | ကျေးရွာ အစည်းအဝေးခန်းမ ရှိချင်သည် |
| ၅ | မီးသတ်ကား ရှိချင်သည်၊ | ၅ | ကျေးရွာ အထက ကျောင်း ရှိချင်သည်၊ |
| ၆ | ကျေးရွာစာကြည့်တိုက် ရှိချင်သည်၊ | ၆ | |
| ၇ | ကျေးရွာဆေးပေးခန်း ရှိချင်သည်၊ | ၇ | |

၈ အစည်းအဝေးခန်းမ ရှိချင်သည်၊

ဂ၊ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ရွာတွင်းကွန်ကရစ်လမ်း | အမျိုးသား<br>အမျိုးသမီး | | ၂၇၇ |
| ၂ | ဘက်စုံသုံး ရေကန် နှင့် ရေပိုက်သွယ်တန်းခြင်း | အမျိုးသား<br>အမျိုးသမီး | ၆၀ သိန်း | ၂၇၇ |
| ၃ | ရွာလယ် Box Culvert | အမျိုးသား | ၂၃ သိန်း | ၂၇၇ |
| ၄ | မူကြိုကျောင်း | အမျိုးသမီး | ၇၀ သိန်း | ၂၇၇ |
| ၅ | | | | |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |

ဃ၊ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ဇာထိုး ပန်းထိုး သင်တန်း | အမျိုးသမီး | |
| ၂ | စက်ချုပ်သင်တန်း | အမျိုးသမီး | |
| ၃ | အသေးစားချေးငွေလုပ်ငန်း | အမျိုးသမီး | |
| ၄ | မြေဩဇာဖျော်စက် | အမျိုးသမီး | |
| ၅ | ကောက်ရိတ်စက် | အမျိုးသမီး | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦးသန်းနိုင်အောင် ---------- လက်မှတ် ---------------- နေ့စွဲ ၂၁-၉-၂၀၁၇

ဒေါ်သန်းဌေး

# ၁၂။ ကျေးရွာအုပ်စု စီမံကိန်းလုပ်ငန်းရွေးချယ်ခြင်း (ပုံစံ-၄)

လူထုဗဟိုပြုစီမံကိန်း၊ စီမံကိန်းလက်စွဲ

အပိုင်း-၃ ၉.၉.၂၀၁၅

ပုံစံPC-၄ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ

| | | |
|---|---|---|
| လမ်းညွှန်ချက်၊ ။ကျေးရွာအုပ်စုစီမံချက်ရေးဆွဲသည့်အစည်းအဝေးတွင် ဤပုံစံအားလူထုစည်းရုံးရေးမှူး / လက်ထောက်နည်းပညာမှူးတို့၏ အကူအညီဖြင့်ပြည့်စုံစွာဖြည့်သွင်းရမည်။ဤပုံစံအားပြည့်စုံစွာဖြည့်သွင်းပြီးပါကကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင်နောက်ဆက်တွဲအဖြစ်တွဲထားရမည်။ CF မှ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ | | |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် | [illegible] | |
| နေ့စွဲ ၂၆.၁၀.၁၇ | ခက်ခဲအားအဆင့်ခြစ်ပေးပါ(√)□စက်ဝန်း(၁) □စက်ဝန်း(၂) ☑စက်ဝန်း(၃) □စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း [illegible] | မြို့နယ် [illegible] | ကျေးရွာအုပ်စု [illegible] |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်းတိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| [illegible] | [illegible] | [illegible] | | □အမျိုးသား<br>□အမျိုးသမီး<br>☑အမျိုးသားနှင့်အမျိုးသမီး | ၃၅၀၀၀၀၀ | ၀ | | | ၃၅၀၀၀၀၀ |
| [illegible] | [illegible] | ၂၀'×၃၅' | | □အမျိုးသား<br>□အမျိုးသမီး<br>☑အမျိုးသားနှင့်အမျိုးသမီး | ၄၀၀၀၀၀၀ | ၀ | | | ၄၀၀၀၀၀၀ |
| [illegible] | [illegible] | ၂၅ တိုင် | | □အမျိုးသား<br>□အမျိုးသမီး<br>☑အမျိုးသားနှင့်အမျိုးသမီး | ၅၀၀၀၀၀၀ | ၀ | ၁၅၀၀၀ | [illegible] | ၅၀၁၅၀၀၀ |

လူထုဗဟိုပြုစီမံကိန်း၊စီမံကိန်းလက်စွဲ

အပိုင်း-၃ ၁၉.၉.၂၀၁၅

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ကရင်ကုန်း | ရွာချင်းဆက် ကျောက်ချော်လမ်း | (၆၀၀၀'x၁၀' x၄") | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်<br>အမျိုးသမီး | ၅၆၁၀၀၀၀/- | | | ၅၆၁၀၀၀၀/- |
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်<br>အမျိုးသမီး | | | | |
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်<br>အမျိုးသမီး | | | | |
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်<br>အမျိုးသမီး | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် ဦးစောဝင်း ၊ ဓါတ်သုဒ္ဓေး

လက်မှတ် ------ ရက်စွဲ 26.10.17

## ၁၃။ အစည်းအဝေးမှတ်တမ်း

ကြံခင်းမြို့နယ်၊ ဇီးပင်ကွင်းအုပ်စု၊ အုပ်ပွဲ(တောင်)ကျေးရွာ

ပထမ+ဒုတိယအကြိမ်အစည်းအဝေးမှတ်တမ်း

တောင်အုပ်ပွဲကျေးရွာတွင်ပထမအကြိမ်ကျေးရွာအစည်းအဝေးကို(၂၁.၉.၂၀၁၇)နေ့လည် (၁၂း၀၀) နာရီတွင် စတင်၍ ကျေးရွာရပ်မိရပ်ဖအား အဖွင့်အမှာစကားပြောကြားခြင်း။

- ဝန်ထမ်းများမှမိတ်ဆက်စကားပြောကြားခြင်း။
- ကျေးရွာစီ/ထောက်ကော်မတီများအား မိတ်ဆက်ခြင်း။
- ကျေးရွာလူထုအနေဖြင့် စီမံကိန်းအား မိတ်ဆက်ခြင်း။
- စီမံကိန်းအကြောင်းကျေးရွာလူထုနှင့်ဆွေးနွေးမေးမြန်းခြင်း။
- စီမံကိန်းစက်ဝန်းအား ကျေးရွာလူထုအားရှင်းပြခြင်း။
- ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးအကြောင်းရှင်းပြခြင်း။
- ကျား/မရေးရာ ကဏ္ဍအား ဆွေးနွေးတိုင်ပင်ခြင်း။
- ဆောင်ရန်ရှောင်ရန်များကို ရှင်းပြခြင်း။
- စီမံကိန်းတွင် အဓိကပါဝင်သူများကို ကျေးရွာလူထုသိရှိအောင် ဆွေးနွေးတိုင်ပင်ပြီးကျေးရွာလူထုအား အဓိက ပါဝင်သူများ၏ တာဝန်ဝတ္တရားများကို ရှင်းပြခြင်း။

လူမှုဆန်းစစ်ချက်များဖြစ်သည့်

- လူမှုနှင့်သဘာဝအရင်းအမြစ်ကို ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခြင်း။
- အဖွဲ့အစည်းချိတ်ဆက်ပြပုံကို ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခြင်း။
- ပင့်ကူအိမ်သုံးသပ်ချက် ကိုအမျိုးသမီးများအား သီးသန့်တစ်ဝိုင်းဖွဲ့ပြီး ဆွေးနွေးပြီး အမျိုးသားများကိုလည်း ဝိုင်းဖွဲ့ဆွေးနွေးခဲ့သည်။

-အရင်းအမြစ်များအသုံးပြုမှု/ထိန်းချုပ်မှုကို ကျေးရွာလူထုနှင့်အတူ ဆွေးနွေးဖော်ထုတ် နိုင်ခဲ့သည်။

-ရာသီခွင်ပြပြက္ခဒိန်ကို ဖော်ထုတ်ဆွေးနွေးခြင်း၊

-ဥစ္စာဓနအဆင့်သတ်မှတ်ချက်ကို ဆွေးနွေးခြင်း၊

လူမှုဆန်းစစ်ချက်များကို ပြုလုပ်ပြီးသည့်နောက်တွင် ကျေးရွာလူထုအား ပြန်လည်အနှစ်ချုပ်ရှင်းပြခြင်း။

လူမှုဆန်းစစ်ခြင်းများကို အနှစ်ချုပ်ပြီးနောက်တွင်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် မည့်သည့် အခက် အခဲများက တားဆီးနေသလဲ ဟူသည်ကို အမျိုးသား/အမျိုးသမီး ဝိုင်းဖွဲ့ပြီးဆွေးနွေးခဲ့ကြသည်။

ကျေးရွာပြည်သူလူထုရှိမိမိကျေးရွာအပေါ်တွင်ထားရှိသောမျှော်မှန်းချက်များကို အမျိုးသား/အမျိုးသမီးဝိုင်းဖွဲ့ပြီး ဆွေးနွေး ခဲ့ကြသည်။ ကော်မတီများဖွဲ့စည်းပြီးနောက်ပိုင်းတွင် ကျေးရွာတွင်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးပြီးဖော်ထုတ်ခဲ့ကြ သည်။

စီမံကိန်းတွင်လူမှုအကာအကွယ်နှင့်သဘာဝ အကာအကွယ်များကိုရှင်းပြခြင်း။ စီမံကိန်းတွင် အကျုံး ဝင်/မဝင်ကို ရှင်းပြခြင်း။ဦးစားပေးလုပ်ငန်းများကိုလည်း ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခဲ့ကြသည်။

ကော်မတီများအား လက်မှတ်ရေးထိုးခြင်းနှင့် ဓာတ်ပုံမှတ်တမ်းတင်ပြီး အစည်းအဝေးအား ပိတ်သိမ်းခဲ့သည်။

*********************************************

## ၁၄။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| ကျေးရွာကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | | | | | | |
|---|---|---|---|---|---|---|
| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှ ထောက်ပံ့ပေးသူ |
| အခြေခံအဆောက်အဦး | ၁ | ကွန်ကရစ်မီးတိုင်နှင့် မီးကြိုး | ကျား<br>မ | ၂၀၁၈ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | ၂ | ဘက်စုံသုံးရေကန်နှင့်ရေပိုက် သွယ်တန်းခြင်း | ကျား<br>မ | ၂၀၁၉ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | ၃ | ရွာလယ်ဂုံးပေါက် | ကျား | ၂၀၂၀ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | | | | | | |
| အသက်မွေးဝမ်း ကြောင်း/ စိုက်ပျိုးရေး | ၄ | ဇာထိုးပန်းထိုးသင်တန်း | မ | ၂၀၂၁ | ကျေးရွာလူထု | ကျေးလက်ဒေသဖွံ့ ဖြိုးတိုးတက်ရေး ဦးစီးဌာန |
| | ၅ | စက်ချုပ်သင်တန်း | မ | ၂၀၂၂ | ကျေးရွာလူထု | ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာန |
| | ၆ | ခြွေလှေ့စက် | မ | ၂၀၂၃ | ကျေးရွာလူထု | စက်မှုလယ်ယာဦးစီး ဌာန |
| | ၇ | ကောက်ရိတ်စက် | မ | ၂၀၂၄ | ကျေးရွာလူထု | စက်မှုလယ်ယာ ဦးစီးဌာန |
| | | | | | | |
| ကျန်းမာရေးနှင့် အာဟာရ | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ပညာရေး | ၈ | မူကြိုကျောင်း | မ | ၂၀၂၅ | ကျေးရွာလူထု | - |
| | | | | | | |
| | | | | | | |
| | | | | | | |
| အခြား | ၉ | အသေးစားချေးငွေလုပ်ငန်း | ကျား | ၂၀၂၆ | ကျေးရွာလူထု | ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန |
| | | | | | | - |